**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ပြည်ပမှ ပဲမျိုးစုံတင်သွင်းခွင့်အား ယာယီရပ်ဆိုင်းခြင်း သတင်းလွှာ ( ၁/ ၂၀၁၇ )**

**ရက်စွဲ။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်**

၁။ ကုန်သွယ်မှုဆိုင်ရာ ပြောင်းလဲလျက်ရှိသော အခြေအနေများနှင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်ထွက်ရှိမှု ပြည်ပရောင်းလိုအား/ ဝယ်လိုအား အခြေအနေများအရ ပဲအမျိုးအစား အချို့သည် ပြည်တွင်းဈေးကွက်တွင် ပိုလျှံနေကြောင်း တွေ့ရှိရပါသဖြင့် ပြည်တွင်းပဲဈေးကွက် တည်ငြိမ်စေရန် ရည်ရွယ်၍ ပြည်ပမှ ပဲမျိုးစုံတင်သွင်းခွင့် ပြုခြင်းအား ယာယီရပ်ဆိုင်းရန်အတွက် ၃၁-၈-၂၀၁၇ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၁၈/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးမှ အတည်ပြုဆုံးဖြတ်ခဲ့ကြပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်ပမှ ပဲမျိုးစုံ တင်သွင်းခွင့်ပြုခြင်းအား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှစ၍ ယာယီရပ်ဆိုင်းကြောင်း ထုတ်ပြန်အပ်ပါသည်။

၃။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မတိုင်မီ ပြည်ပမှတင်သွင်းရန် တင်သွင်းခွင့်လိုင်စင် လျှောက်ထားလာမှုများအား သင်္ဘောတင်အထောက်အထား (Bill of Lading) ပါရှိမှသာ ခွင့်ပြုသွားမည် ဖြစ်သည်။

၄။ ယခင် ခွင့်ပြုခဲ့သော ပဲမျိုးစုံတင်သွင်းခွင့်လိုင်စင်များအပေါ် သက်တမ်းတိုးခြင်းများအားလည်း သတင်းလွှာထုတ်ပြန်သည့်နေ့မှစ၍ ရပ်ဆိုင်းလိုက်သည်။

၅။ ပြည်ပမှ ပဲမျိုးစုံ တင်သွင်းခွင့်နှင့်စပ်လျဉ်း၍ ပြည်တွင်းလိုအပ်ချက် အခြေအနေအပေါ်မူတည်ပြီး ပြန်လည်သုံးသပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန